# အာဖရိကအပြင်းဖျားဝက်ရောဂါ
# (African Swine Fever)

## ရောဂါနောက်ခံ သမိုင်း

- အာဖရိကအပြင်းဖျားဝက်ရောဂါသည် ၁၉၀၇ ခုနှစ်တွင် အာဖရိကတိုက်၊ ကင်ညာနိုင်ငံတွင် စတင်ဖြစ်ပွားခဲ့ပါသည်။ ထိုမှတဆင့် ဥရောပတိုက်နှင့်အမေရိကတိုက်များသို့ ဆက်လက်ပျံ့နှံ့ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ပထမအပတ်မှစ၍ အိမ်နီးချင်း တရုတ်နိုင်ငံတွင် ပျံ့နှံ့လျက်ရှိပြီး ဝက်အများအပြား သေဆုံးလျက်ရှိပါသည်။

## ရောဂါဖြစ်စေသည့် ပိုး


- စက်ဝိုင်းပုံရှိ DNA အမျိုးအစားဗိုင်းရပ်စ်ပိုးကြောင့် ရောဂါဖြစ်ပွားသည်။

## ရောဂါဖြစ်သောတိရစ္ဆာန်

- အိမ်မွေးဝက်များနှင့် တောဝက်များတွင် အဖြစ်များသည်။ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပါသည်။

## ရောဂါကူးစက်ပျံ့နှံ့ခြင်း

- ရောဂါပိုးကူးစက်ခံထားရသော ဝက်၊ အညစ်အကြေးများ၊ ဝက်သား၊ ဝက်ထွက်ပစ္စည်းများ၊ သွားရည်၊ နှာရည်၊ မျက်ရည်၊ ဆီး၊ ဝမ်း၊ သွေးနှင့် အသားများနှင့် တိုက်ရိုက် ထိတွေ့ခြင်း။
- မွှား (soft ticks of the genus *Ornithodoros*) ကဲ့သို့သော ကြားခံလက်ခံကောင်များတွယ်ခြင်း၊ ကိုက်ခြင်း။
- ရောဂါပိုးနှင့် ထိတွေ့ထားသော ဆေးထိုးအပ်၊ အသုံးအဆောင်ပစ္စည်း၊ ဖိနပ်၊ အဝတ်အစားနှင့် ယာဉ်တို့မှတဆင့် ကူးစက်ပျံ့နှံ့ခြင်း။
- (၃-၆) လအထိ အေးခဲထားသော ရောဂါပိုးကူးစက်ခံထားရသည့် ဝက်သားများနှင့် ထိတွေ့မိခြင်းများမှတဆင့် ကူးစက်နိုင်ပါသည်။



ဗိုင်းရပ်စ်ရောဂါပိုး



ရောဂါပိုးသယ်ဆောင်သည့်မွှား

### ရောဂါလက္ခဏာများ





- နာတာရှည် ကူးစက်ခံရသောဝက်များတွင် ခြေလက်အဆစ်ရောင်ခြင်း၊ အရေပြားအနာဖြစ်ခြင်း၊ အရေပြား (နားရွက်၊ အမြီး၊ ဝမ်းဗိုက်) နီရဲခြင်း။





- နာတာရှည် ကူးစက်ခံရသောဝက်များတွင် ကိုယ်အပူချိန် မမှန်ခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း။





- ရုတ်တရက်ကူးစက်ခံရသော ဝက်များတွင် အရေပြားနီရဲခြင်း၊ ပန်းခရမ်းပြာအရောင်များပြောင်းပြီး ရုတ်တရက် သေဆုံးခြင်း။

## ရောဂါပိုးပျိုးချိန်

- ပုံမှန်အားဖြင့် (၄-၁၉)ရက် ကြာပါသည်။ ရောဂါပြင်းထန်ပါကသေနှုန်း ၁၀၀% အထိရှိနိုင်ပါသည်။
- (၃-၄)ရက်အတွင်း ရုတ်တရက်ဖြစ်ပွားသော အခြေအနေများလည်းရှိပြီး ရောဂါပြင်းထန်တတ်ပါသည်။
- ရောဂါဖြစ်ပွားမှုအဆင့် (၄)ဆင့် ရှိပါသည်။ အဆင့်ပေါ်မူတည်၍ ရောဂါပြင်းထန်မှု ကွာခြားပါသည်။

## အဆင့် ၁

- အရေပြားတွင် အနီရောင်အစက်များစွာဖြင့် ရုတ်တရက် သေဆုံးမည်။

## အဆင့် ၂

- ရောဂါကူးစက်ခံရပြီး၂ရက်အတွင်း အပြင်းဖျားခြင်း (၁၀၅-၁၀၇ ဒီဂရီဖာရင်ဟိုက်)၊ နားရွက်ဖျား၊ အမြီး၊ ရင်ဘတ်နှင့် ဝမ်းဗိုက်အရေပြားတို့တွင် ပန်းခရမ်းရောင်၊ အနီရောင်ဖြစ်နေခြင်း၊ ပို့အန်ခြင်း၊ သွေးဝမ်းသွားခြင်း၊ (၆-၁၃) ရက်အတွင်း သေဆုံးခြင်း၊ ဇီးဝက်မများတွင် သားလျှောခြင်း များတွေ့ရတတ်သည်။

## အဆင့် ၃

- အဖျားအနည်းငယ်ရှိပြီး အစားအနည်းငယ်သာ စားခြင်း၊ (၁၅-၄၅) ရက်အတွင်း သေဆုံးနိုင်သည်။

## အဆင့် ၄

- ကိုယ်အလေးချိန်လျော့ကျခြင်း၊ အပူချိန် အတက်အကျရှိခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများတွေ့ရခြင်း၊ အရေပြားအနာ၊ ပုပ်ခြင်း၊ ဆွေးခြင်း၊ အဆစ်ရောင်ခြင်းများတွေ့ရတတ်သည်။

## ကြိုတင် ကာကွယ်ခြင်း

- ဇီဝလုံခြုံမှုများ ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ မွေးမြူရေးခြံကို သန့်ရှင်းစွာထားခြင်းများ ဆောင်ရွက်ရန်၊
- အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
- အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊
- ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်။

## ကာကွယ်ဆေး

- ရောဂါကြိုတင်ကာကွယ်ဆေး မရှိပါ။

## ကုသခြင်း

- ထိရောက်သော ကုသဆေးမရှိပါ။

## အခြားမှားယွင်းနိုင်သော ရောဂါများ

- ဝက်ဝမ်းကျရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ စိန်ကွက်နာရောဂါ၊ ဆဲလ်မိုနဲလားရောဂါ၊ ပတ်စ်ကျူရဲလားရောဂါ၊ အခြားသွေးအဆိပ်သင့်ရောဂါ။

## ပြည်သူ့ကျန်းမာရေး

- လူသို့ကူးစက်သော ရောဂါမဟုတ်ပါ။

## ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း

- တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားလျှင်ဖြစ်စေ၊ ကူးစက်ရောဂါဖြစ်သည်ဟု သံသယရှိလျှင်ဖြစ်စေ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (သို့မဟုတ်) ကျေးရွာ/ ရပ်ကွက် အာဏာပိုင်သို့ အမြန်အကြောင်းကြားပါ။
- ရောဂါဖြစ်ပွားနေသော ဝက်နှင့်အတူနေဝက်များကို သီးသန့်ခွဲခြားထားပါ။ ရောင်းချခြင်း၊ အခြားနေရာသို့ သယ်ဆောင်ခြင်းမပြုရ။
- ရောဂါဖြင့် သေဆုံးသောဝက်၏ အစိတ်အပိုင်းတစ်စုံတစ်ရာကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်း၊ စားသုံး ခြင်း မပြုရ။
- ရောဂါဖြင့်သေဆုံးသော ဝက်နှင့် အညစ်အကြေးများ၊ စားကြွင်းစားကျန်များနှင့် အသုံးအဆောင်ပစ္စည်းများကို မြေမြှုပ်မီးရှို့၍ ဖျက်ဆီးပါ၊ ရေမျှောခြင်း၊ မြစ်/ ချောင်းနှင့် ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်း မပြုရ။
- ပြန်လည်အသုံးပြု၍ရသော အသုံးအဆောင်ပစ္စည်းများကို ပိုးသတ်သန့်စင်ပြီးမှ ထပ်မံအသုံးပြုပါ။
- မြေမြှုပ်သောနေရာမီးရှို့သောနေရာနှင့် ဝက်ခြံကို မွေးမြူရေးလုပ်ငန်းသုံးပိုးသတ်ဆေး ဖျန်းပေးပါ။
- မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကိုမြှင့်တင်ပါ။
- တိရစ္ဆာန်၊ လူ၊ ယာဉ် စသည်တို့ ဖြတ်သန်းသွားလာမှုကို ထိန်းချုပ်ပါ။
- ဝက်ခြံလုပ်သားများအနေဖြင့် နှာခေါင်းစည်း၊ လက်အိတ်စသည်များ အသုံးပြုပါ။ လက်ကိုသေချာစွာ ဆေးကြောသန့်စင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ပါ။
- စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ရောင်းချသောဆိုင်မှ ဝက်သားကိုသာ ဝယ်ယူစားသုံးပါ။
- ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏အကူအညီကိုရယူပါ။

## ဆက်သွယ်ရန်

ပြည်သူ့ကျန်းမာရေးဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဖုန်းနံပါတ် - ၀၆၇-၄၀၈၄၆၃၊ ၀၆၇-၄၀၈၁၉၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ကြိုတင်သတိပြုစရာ ဝက်များတွင်ဖြစ်ပွားတတ်သော အာဖရိကအပြင်းဖျားဝက်ရောဂါ







၂၀၁၈ ခုနှစ် ဩဂုတ်လ